# တော်လှန်ရေး

**လှိုင်ဘွား**

ရာဇဓမ္မသင်္ဂဟကျမ်းကို မိဖုရား စုဖုရားလတ်က ဖတ်ကြည့်ပြီး ယောမင်းကြီး ဦးဖိုးလှိုင်အား သူပုန်ဟု သတ်မှတ်ကာ ဖမ်းဆီး ထောင်ချခဲ့လေသည်။

လူတို့သည် မကောင်းတာကို မလိုချင်၊ ကောင်းတာကိုမှလိုချင်ကြသည်။ ထို့ ကြောင့်ကောင်းတာကိုရှာဖွေကြသည်။ မကောင်းမှုကို မပြုလိုကြ ကောင်းမှုကိုသာပြု ချင်ကြသည်။ ထို့ကြောင့် ကောင်းမှုလုပ်ကြသည်။ မကောင်းခြင်း ကောင်းခြင်းကို အစ ပထမက မသိပေမယ့် ကြာသော်သိလာကြသည်။ (သို့မဟုတ်) မိမိပတ်ဝန်းကျင်ရှိ လူ များ၏ ဆောင်ရွက်မှု တို့ကို မိမိဆောင်ရွက်ခံစားနေရသည် တို့နှင့် နှိုင်းယှဉ်၍ ကြည့် ရာမှ ကောင်းမှုမကောင်းမှုကို သိလာနိုင်သည်။ မိမိရရှိခံစားနေရသည်မှာ မကောင်း ဟုမြင်လာ၊ သိလာပါက ကောင်းတာကို လုပ်ရန်အတွက် ပြောင်းလဲခြင်းကိုပင် တော် လှန်ရေးဟု စတင် ခေါ်ဝေါ်ကြပါစို့။ (ဥပမာ) လူတစ်ယောက်သည် အလုပ်ချိန် နည်း နည်းလုပ်၍ အနားယူချိန် များများ ရသည်။ သို့သော် ဝင်ငွေမှာ နည်းနေသည်။ အ ကယ်၍ ထိုလူသည် ဝင်ငွေ များများ လိုပါက အနားယူချိန်နဲရပေမည်။ ပင်ပန်းမည်၊ အိပ်ရေးပျက်မည်၊ ခန္ဓာကိုယ်၏ ညောင်းခြင်း၊ ပင်ပန်းခြင်း၊ အိပ်ရေးပျက်ခြင်း စသည် တို့ကို ခံစားရပေမည်။ အဆိုပါ ဒုက္ခတို့ကို (တွန်းလှန်) တော်လှန်၍ အလုပ်သွားရ မည်။ ဒါမှဝင်ငွေပိုမည်။ ၄င်းသည်ပင်မိမိကိုယ်ကို မိမိတော်လှန်ခြင်းပင်ဖြစ်သည်။

၁၉၄၇ ခုနှစ်မတ်လ ၂၇ ရက်နေ့ နံနက် အောင်လံမြို့၌ ကျင်းပသော တော် လှန်ရေးနေ့ အခမ်းအနား တွင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သော မိန့်ခွန်းမှ ဗိုလ်ချုပ်၏တော်လှန်ရေးအပေါ်အမိပ္ပါယ်ဖွင့်ဆို ချက်ကို အကျဉ်းမျှဖော်ပြရသော် တော် လှန်ရေး ဆိုတဲ့အ ဓိပ္ပါယ် ဟာဘာလဲ၊ များသောအားဖြင့် ယူဆ နေကြတာ က သွေးထွက် သံယို ဖြစ်တဲ့တော်လှန်ရေး ကိုသာ တော်လှန်ရေးလို့ ယူဆနေကြတယ်။

ဒါဟာလုံးဝမမှန်ဘူး၊ တော်လှန်ရေးဟာ သွေးထွက်သံယိုရှိတဲ့ တော်လှန်ရေး ၊ သွေးထွက်သံယိုမရှိတဲ့ တော်လှန်းရေးရယ်လို့ ၂ မျိုးရှိတယ်ဟု ပြောကြားခဲ့လေသည်။

ရှေးမြန်မာ စကားပုံတွင်လည်း လိုချင်တာရအောင် တော်လှန်ဖို့ လှုံ့ဆော် ထားသော စကားပုံများစွာ ရှိသည်။ ၎င်းတို့ထဲမှ ၂ ခုကို အကျဉ်းမျှဖော်ပြရလျှင် "အရိပ်ကိုရှာကြတဲ့အခါ နေပူမှာကို မကြောက်ရ" "အနာခံမှအသာစံရသည်" ဆို သည့်စကားပုံများကို စာရှုသူတို့ ဖတ်ဖူး၊ ကြားဖူး ကြပေလိမ့်မည်။ ၎င်းစကားပုံများမှာ တော်လှန်ရေးအတွက် ဆုံးမစာများပင် မဟုတ်ပါလား၊

ကမ္ဘာ့သမိုင်းကို ပြန်ကြည့်လျှင် ပဒေသရာဇ်ခေတ် ကျေးပိုင်၊ကျွန်ပိုင်ခေတ်၊ ကိုလိုနီခေတ်၊ အရင်းရှင်ခေတ် စသည်ဖြင့် ခေတ်ပေါင်းမြောက်များစွာကို ဖြတ် သန်းလာခဲ့ရသည်။ မည်သည့် ခေတ်တွင်မဆို အလွယ်တကူ ပြောင်းလဲလာ သည်မ ဟုတ်၊ တော်လှန်ရေး ဆင်နွှဲခဲ့ရသည်ကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရာဇဝင်များကို လေ့ လာကြည့်လျှင် တွေ့နိုင်ပေသည်။ ထို့အတူ မြန်မာပြည်လည်း အပါအဝင် ဖြစ်ပေသည်။ ကိုလိုနီခေတ်ကိုလည်း တော်လှန်ခဲ့ရသည်။ ဆိုရှယ်လစ်ခေတ်ကိုလည်း တော်လှန်ခဲ့ရသည်။ ယခု စစ်အာဏာရှင်ခေတ်ကိုလည်း တော်လှန်နေကြရသည် မဟုတ်ပါလော။ မည်သည့်တော်လှန်ရေးခေတ်တွင်မဆို တော်လှန်ခဲ့ကြသော အာဇာနည်ရဲ ဘော်များကို စတေးခဲ့ရ ပေသည်။ တိုင်းရင်းသားရဲဘော်များ၊ ရဟန်းသံဃာများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူပြည်သားများ စသည်ဖြင့် မြောက်များစွာသော အာဇာနည်တို့၏ အသက်များကို စတေး၍ အောင်ပွဲရယူခဲ့ရပေသည်။

မြန်မာပြည်၏ နောက်ဆုံးမင်းဆက် ကုန်းဘောင်ခေတ်၏ နောင်ဆုံးမင်းတစ် ပါးဖြစ်သော သီပေါမင်းလက်ထက် (၁၈၇၈–၁၈၈၅) တွင် မြန်မာပြည်၏ ပထမဆုံး သော ဒီမိုကရစီတောင်းဆိုချက်ဟု ခေါ်နိုင်လောက်သည့် အရေးအခင်းတစ်ခု ၁၈၈၄ ခုနှစ်ခန့်က ပေါ်ပေါက်ခဲ့သည်ကို သမိုင်းဆရာများမငြင်းနိုင်ပါ။ ၎င်းမှာ သီပေါမင်းလက် ထက် ယောမင်းကြီးဦးဖိုးလှိုင်ဟုခေါ်သော ဝန်ကြီးတစ်ပါးက ရာဇဓမ္မသင်္ဂဟကျမ်း (ခေါ်) စည်းမျဉ်းခံဘုရင်ခံစနစ်ကို ဘုရင်ထံသို့တင်သွင်းခဲ့ဖူးသည်ဟု ကုန်းဘောင်ရာ ဇဝင်တွင် မှတ်သားရဖူးပါသည်။ အဆိုပါ ရာဇ ဓမ္မသင်္ဂဟကျမ်းမှာ ယနေ့အင်္ဂလန်၊ ဂျပန်၊ ထိုင်း အစရှိသော ဘုရင်လက်ကျန်ရှိသည့် နိုင်ငံများ ကျင့်သုံးသော စနစ်ဟု လည်း ဆရာများ၏ပြောကြားချက်အရ သိရပါသည်။ အဆိုပါ ရာဇဓမ္မသင်္ဂဟကျမ်း ကို တင်သွင်းသူ ယောမင်းကြီး ဦးဖိုးလှိုင်သည် မြန်မာ့ ဒီမိုကရေးစီရေး တောင်းဆိုသူ များ၏ ဘိုးဘေးဖြစ်မည်ဟု စာရေးသူထင်မြင်မိပါသည်။ ၎င်း ရာဇ ဓမ္မသင်္ဂဟကျမ်း ကို မိဖုရား စုဖရားလတ်က ဖတ်ကြည့်ပြီး ယောမင်းကြီးဦးဖိုးလှိုင်အား သူပုန်ဟု သတ်မှတ်ကာ ဖမ်းဆီးထောင်ချခဲ့လေသည်။

အမှန်စင်စစ်ယောမင်းကြီးဦးဖိုးလှိုင် တင်ခဲ့သော ရာဇ ဓမ္မသင်္ဂဟကျမ်းမှာ ဒီမိုကရေစီ

နည်းကျစွာ ပြည်သူများ ကရွေးချယ် တင်မြှောက်ထားသော ဝန်ကြီးများက တိုင်းပြည်ကို အုပ်ချုပ်ပြီး ဘုရင်ကထိန်းသိမ်းပေးရုံသာဖြစ်သည်။ ယနေ့ကျင့်သုံးနေ သော ဘုရင်ရှိသည့် တိုင်းပြည်များ၏ စနစ်အတိုင်းပင်ဖြစ်ပါသည်။ အဆိုပါအချက်ကို ကြည့်ခြင်းအားဖြင့် မြန်မာပြည်တွင် ပြည်သူတို့က ဒီမိုကရေစီ တောင်းဆိုနေသည်မှာ ၁၈၈၄ ခုမှစ၍ ရေတွက်လျှင် နှစ်ပေါင်း ၁၂၅ နှစ်တိုင်ခဲ့ပေပြီ။

ထိုကဲ့သို့ဆိုလျှင် ဒီမိုကရေစီရေးအတွက်ဘုရင်အုပ်ချုပ်သူတို့ကို ပထမဆုံး တော်လှန်ရေးဆင်နွှဲခဲ့သူမှာ ဦးဖိုးလှိုင်ပင်ဖြစ်ပေသည်။ အမှန်စင်စစ် အင်္ဂလိပ် တို့သည် မြန်မာနိုင်ငံအား ၁၈၂၃ ခုနှစ်မှစ၍ တနင်္သာရီ ကမ်းရိုးတန်း၊ ရခိုင်ကမ်းရိုး တန်း၊ မြစ်ဝကျွန်းပေါ်စသည်ဖြင့် တစတစ သိမ်းပိုက်ပြီး အလောင်းဘုရားတည် ထောင်ခဲ့သော တတိယမြန်မာနိုင်ငံကို ဝင်ရောက်ကျူးကျော်ခဲ့ကြပါသည်။ ၁၈၂၃ ခုမှ သည် ၁၈၈၅ ခု သီပေါမင်းပါတော်မူသည့် အချိန်ထိ အောက်မြန်မာပြည်ကို နှစ်ပေါင်း ၆၂နှစ်တိုင်သိမ်းပိုက်ထားခဲ့ပါသည်။ တဖန် သီပေါမင်းပါတော်မူသည့် ၁၈၈၅ ခုနှစ်မှ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုထိ တနိုင်ငံလုံးကို ၆၃ နှစ်တိုင်အုပ်ချုပ်ခဲ့ပြန်ရာ အင်္ဂ လိပ်တို့သည် မြန်မာပြည် တနိုင်ငံလုံးကို စုစုပေါင်း ၁၂၅ နှစ်တိုင် အုပ် ချုပ်ခဲ့လေရာ၊ ရာစုနှစ်တခုကျော်မျှ အုပ်ချုပ်ခဲ့သည်ဟုဆိုရပေမည်။ ကိုလိုနီ စနစ်ဖြစ်၍ ဒီမိုကရေစီ မရရှိခဲ့ပါ။ အင်္ဂလိပ်ကိုလိုနီခေတ် တခုလုံး မြန်မာတို့လွတ်လပ်ရေးရရန် တော်လှန်ခဲ့ ပေရာ အရေးတော်ပုံ မြောက်များစွာ ၊လူပေါင်း မြောက်များစွာ သေကြေခဲ့ရပါသည်။ အင်္ဂလိပ်တို့၏အကျဉ်းစခန်း အသီးသီးတွင် တော်လှန်ရေး ရဲဘော် မြောက်များစွာ သေကြေပျက်စီးခဲ့ရပါသည်။

နောက်ဆုံး လွတ်လပ်ရေးအတွက် တိုင်းရင်းသားပြည်သူအား လုံး တို့၏ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း လက်ထက်ရောက်မှ လွတ်လပ်ရေးရခဲ့ပါသည်။ အဆိုပါ လွတ်လပ်ရေးကိုပင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ချစ်ခင်လေးစား ရသော ဗိုလ် ချုပ်နှင့်

တော်လှန်ရေးဟာ
သွေးထွက်သံယိုရှိတဲ့
တော်လှန်ရေး၊
သွေးထွက်သံယိုမရှိတဲ့
တော်လှန်ရေးရယ်လို့
၂ မျိုးရှိတယ်ဟု
ပြောကြားခဲ့လေသည်။

တိုင်းရင်းသားအာဇာနည် ရဲဘော်များ၏ အသက်ဖြင့်လဲ၍ ရခဲ့ခြင်းဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံတွင် ၁၄နှစ်တာမျှ ခေတ္တခဏ လွတ်လပ်သောဒီမိုကရေစီကို ရရှိခဲ့ပါသည်။ ရှေးယခင်က ဘုရင်စနစ်ဖြင့် နေထိုင်ခဲ့သော မြန်မာနိုင်ငံတွင် နှစ်ပေါင်း တစ်ရာကျော်မျှ ကျွန်ပြုခံခဲ့ရပြီးမှ လွတ်လပ်ရေးရခဲ့သည် ဖြစ်ရာ ခေါင်းဆောင်ကောင်း မရှိခဲ့ပါ။ ထို့ကြောင့် ပြည်ထောင်စုပုံစံဖြင့် တိုင်းပြည်ကို မထူ ထောင်နိုင်ခဲ့ပါ။

ထို့ကြောင့် ၁၉၆၂ ခုနှစ်တွင် ဗိုလ်နေဝင်း ဦးဆောင်သောစစ်တပ်မှအာဏာသိမ်းခဲ့ရာမှ ယနေ့တိုင် ၄၇ နှစ်မျှ စစ်အုပ်ချုပ် ရေးဖြင့် အုပ်ချုပ်ခဲ့ပေသည်။ စစ်အာဏာရှင်များ၏ အုပ်ချုပ်မှုမှာလည်း ရာစုနှစ်တဝက်ပင်ရှိခဲ့ပြီဖြစ်ပါသည်။

စစ်အာဏာရှင်စနစ်ကိုလည်း –

၁၉၆၂ ဇူလိုင်လ ၇ ရက် ကျောင်းသား အရေးအခင်း

၁၉၇၄ ဇွန်လ အလုပ်သမား အရေးအခင်း

၁၉၇၄ ဒီဇင်ဘာ ကျောင်းသား အရေးအခင်း (ဦးသန့်ဈာပန)

၁၉၇၅ ရွှေတိဂုံ အထွေထွေ သပိတ်

၁၉၇၆ မှိုင်းရာပြည့်

၁၉၈၈ လူထုတရပ်လုံးဒီမိုကရေစီရေးတိုက်ပွဲ

၂၀၀၇ ရွှေဝါရောင် သံဃာအရေး

အထက်ပါ အရေးအခင်းများတွင် တော်လှန်ရေးရဲဘော်များနှင့် သံဃာတော်များ၏ အသက်ပေါင်းမြောက်များစွာကို ပေးခဲ့ရပြီးဖြစ်ပေသည်။

အင်္ဂလိပ်တို့ သိမ်းပိုက်သော နှစ်ပေါင်း ၁၂၅ နှစ်၊ လွတ်လပ်ရေးရပြီးချိန်မှ ယနေ့အထိ ၆၁ နှစ်၊ နှစ်ရပ်ပေါင်းပါက ၁၈၆ နှစ်ပြီးဖြစ်ပေသည်။ ဒီမိုကရေစီရရှိဖို့ တော်လှန်ရေးကားရှည်ကြာလှပေပြီ။

ယနေ့အမေရိကန်နိုင်ငံရယ်လို့ ဖြစ်လာအောင် အမေရိကန် တို့သည် တောင်ပိုင်း လူနီများ၊ ဥရောပ မှပြောင်းရွှေ့ အခြေချသော လူဖြူများ၊ ကျေးကျွန်အဖြစ် အာဖရိကမှ

**မြန်မာပြည်တွင်**
**ပြည်သူတို့က**
**ဒီမိုကရေစီ**
**တောင်းဆိုနေသည်မှာ**
**၁၈၈၄ ခုမှစ၍**
**ရေတွက်လျှင်**
**နှစ်ပေါင်း ၁၂၅ နှစ်**
**တိုင်ခဲ့ပေပြီ။**

ခေါ်လာသော လူမဲများဖြင့် အမေရိကန်တဝှမ်း စစ်ပွဲများ ဖြစ်ပွားခဲ့ရာ နှစ်ပေါင်းရာချီ၍ကြာခဲ့ပြီးမှ အမေရိ ကန်ပြည် ထောင်စု နိုင်ငံအဖြစ် ထူထောင်နိုင်ခဲ့ကြ သည်ကိုမှတ်သား ခဲ့ရဖူးပါသည်။

ထို့ကြောင့် မြန်မာပြည် ဒီမိုကရေစီရရှိရေး တိုက်ပွဲ (သို့) စစ်အာဏာရှင် နှစ်ကို တော်လှန်သော တိုက်ပွဲတွင် ရှေ့တန်းမှ အသက်ကို ပဓာနမထားဘဲ တိုက်ပွဲ ဝင်လျက်ရှိကြသော အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ ခေါင်းဆောင်များနှင့် ရဲဘော် များ (စစ်အာဏာရှင်တို့၏ အကျဉ်းစခန်း အသီးသီးတွင် ရောက်ရှိနေ ကြသောရဲဘော် များနှင့် တကမ္ဘာလုံးတွင် ရောက်ရှိတိုက်ပွဲ ဝင်နေကြသော ရဲဘော်များ) အတူတကွ တိုက်ပွဲ ဝင်လျက်ရှိကြသော တိုင်းရင်းသား ညီအစ်ကို မောင်နှမများမှလည်း အမေရိကန်ပြည်ထောင်စု ကဲ့သို့ နှစ်ပေါင်း ၂၀၀ နီးပါးရှိပြီးဖြစ်သော မြန်မာနိုင်ငံ၏ ဒီမိုကရေ စီ ရရှိရေး တိုက်ပွဲတွင် ပါဝင်တိုက်ခိုက် လျက်ရှိရာ ပြည်ထောင်စု မြန်မာနိုင်ငံကို တည်ထောင်ပြီး မြန်မာနိုင်ငံ၏ တချိန်က ကရင်လူမျိုး သမ္မတကြီး မန်းဝင်းမောင်၊ ရှမ်းလူမျိုး သမ္မတကြီး စဝ်ရွှေသိုက် တို့ကဲ့သို့ –

နောင်ပေါ်ပေါက်လာမည့် မြန်မာနိုင်ငံတွင်လည်း ရခိုင်လူမျိုး ဝန်ကြီးချုပ် ဦးကျော်ဇံသာ ၊ ရှမ်းလူမျိုးသမ္မတကြီး ဦးခွန်ထွန်းဦး၊ မွန်လူမျိုး စစ်သေနာပတိ ကိုမင်းကိုနိုင် နှင့် တိုင်းရင်းသားခေါင်းဆောင် ဝန်ကြီးချုပ်၊ သမ္မတ၊ စစ်သေနာပတိ ချုပ်များ၏ ဦးဆောင်မှုအောက်ဝယ် လွတ်လပ်၍ ဒီမိုကရေစီ အပြည့်အဝ ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံသစ်ကို ဖော်ဆောင်ရန် တိုင်းရင်းသားများအားလုံး လက်တွဲပြီး စစ်အာဏာရှင်အစိုးရကို စည်းလုံးညီညွတ်စွာ တော်လှန်ကြပါစို့။

**လှိုင်ဘွား**

၂၃၊၂၀၉

*( မှီငြမ်း။ ။ဆရာ အောင်ဝေး၏ မိုးမခ ဂျာနယ်တွင် (၂၈၊၂၀၀၈) ရေးသားသော ပဉ္စမ မြန်မာနိုင်ငံ တည်ထောင်ခန်း(၁)မှ )*